ကာကွယ်ဆေး အချက်အလက်များဆိုင်ရာ ဖော်ပြချက်

# Pneumococcal Conjugate Vaccine (PCV13)- *သင်သိထားရမည့် အကြောင်းအရာများ*

Many vaccine information statements are available in Burmese and other languages. See www.immunize.org/vis

ကာကွယ်ဆေး အချက်အလက်ကြေငြာချက်များကို မြန်မာဘာသာနှင့် အခြားသောဘာသာစကားများတို့ဖြင့် ရရှိနိုင်ပါသည်။ www.immunize.org/vis တွင် ကြည့်ရှုပါ။

## 1. ဘာကြောင့် ကာကွယ်ဆေးထိုးရသလဲ။

**Pneumococcal conjugate vaccine (PCV13) သည်နျူမိုကောကပ်စ် ရောဂါများမဖြစ်အောင်** ကာကွယ်ပေးသည်။

**နျူမိုကောကပ်စ် ဗက်တီးရီးယားကြောင့် ဖြစ်ပေါ်သော ရောဂါ** ဆိုသည်မှာ ၎င်းနျူမိုကောကပ်စ် ဗက်တီးရီးယားကြောင့် ဖြစ်ပေါ်သော ဖျားနာမကျန်းဖြစ်မှု မှန်သမျှကို ရည်ညွှန်းခြင်းဖြစ်သည်။ ဤဘက်တီးရီးယားပိုးများသည် အဆုတ်အား ရောဂါပိုးကူးစက်မှုတစ်ခုဖြစ်သည့် အဆုတ်ရောင်ရောဂါ အပါအဝင် ဖျားနာမကျန်းဖြစ်မှု အမျိုးအစားများစွာကို ဖြစ်ပေါ်စေနိုင်သည်။ နျူမိုကောကပ်စ် ဗက်တီးရီးယားများသည် အဆုတ်ရောင်ရောဂါကိုဖြစ်စေသော အဓိက အကြောင်းအရင်းတစ်ခုဖြစ်သည်။

အဆုတ်ရောင်ရောဂါအပြင် နျူမိုကောကပ်စ် ဗက်တီးရီးယားများသည် အောက်ပါတို့ကိုလည်း ဖြစ်ပေါ်စေနိုင်ပေသည် -

- နားရောဂါပိုးကူးစက်မှုများ
- နာခေါင်းလမ်းကြောင်း ရောဂါပိုးကူးစက်မှုများ
- ဦးနှောက်အမြှေးရောင်ရောဂါ (ဦးနှောက်နှင့် ကျောရိုးနာဗ်ကြောမအပေါ် လွှမ်းခြုံထားသည့် တစ်ရှူးများ ရောဂါပိုးကူးစက်ခံရမှု)
- Bacteremia (သွေးတွင်း ပိုးဝင်ရောက်ခြင်း)

မည်သူမဆိုသည် နျူမိုကောကပ်စ် ဗက်တီးရီးယားကြောင့် ဖြစ်ပေါ်သော ရောဂါအား ရရှိနိုင်ပြီး အသက် 2 နှစ်အောက် ကလေးများ၊ ကျန်းမာရေး အခြေအနေတစ်စုံတစ်ရာရှိသော ပုဂ္ဂိုလ်များ၊ အသက် 65 နှစ် သို့မဟုတ် ၎င်းအထက် လူကြီးများ နှင့် စီးကရက် သောက်သုံးသူများတွင် ရောဂါဖြစ်နိုင်ခြေ ပိုမိုများပြားသည်။

နျူမိုကောကပ်စ် ဗက်တီးရီးယား ရောဂါပိုးကူးစက်မှု အများစုသည် အားအပျော့စားကူးစက်မှုသာဖြစ်သည်။ သို့သော်လည်း အချို့ကူးစက်မှုများမှာမူ ဦးနှောက်ပျက်စီးထိခိုက်မှု သို့မဟုတ် အကြားအာရုံဆုံးရှုံးမှု ကဲ့သို့သော ရေရှည်ပြဿနာများအား ဖန်တီးနိုင်သည်။ နျူမိုကောကပ်စ် ဗက်တီးရီးယား ကူးစက်မှု ရောဂါကြောင့် ဖြစ်ပေါ်သော ဦးနှောက် အမြှေးရောင်ရောဂါ၊ သွေးထဲ၌ ဗက်တီးရီးယားပိုးများ ရှိနေခြင်းနှင့် အဆုတ်ရောင်ရောဂါတို့သည် အသက်သေစေနိုင်လောက်သော ရောဂါများဖြစ်သည်။

## 2. PCV13

PCV13 သည် နျူမိုကောကပ်စ် ဗက်တီးရီးယား ကူးစက်မှု ရောဂါအား ဖြစ်ပွားစေနိုင်သည့် ဗက်တီးရီးယား အမျိုးအစားပေါင်း 13 မျိုးမှ ကာကွယ်ပေးသည်။

**မွေးကင်းစကလေးများနှင့် ကလေးငယ်များသည်**ပုံမှန်အားဖြင့် pneumococcal conjugate ကာကွယ်ဆေးကို 4 ကြိမ်ထိုးဖို့လိုအပ်သည်၊ အသက် 2, 4, 6, နှင့် 12–15 လသားအရွယ်တို့၌ဖြစ်သည်။ **အသက်ပိုကြီးသော ကလေးများ (အသက် 59 လအထိ)** သည် အကြံပြုထားသည့် ဆေးအကြိမ်ရေမထိုးသေးလျှင် ၎င်းတို့ကို ကာကွယ်ဆေးထိုးပေးနိုင်သည်။

PCV13 ထိုးဆေးတစ်ကြိမ်ကို**လူကြီးနှင့် အသက် 6 နှစ်အထက်ရှိကလေးများ**ဖြစ်ပြီး ဆေးဘက်ဆိုင်ရာရောဂါအခံရှိသူများမှာ PCV13 မထိုးရသေးလျှင် ၎င်းတို့ကို ကာကွယ်ဆေးထိုးဖို့ အကြံပြုထားပါသည်။

ဤကာကွယ်ဆေးကို PCV13 မထိုးရသေးသော အသက် **65 နှစ်နှင့်အထက်ရှိ လူကြီးများအတွက်** လူနာနှင့်ကျန်းမာရေး စောင့်ရှောက်မှု ပံ့ပိုးသူကြား ဆွေးနွေးမှုကိုအခြေခံ၍ ကာကွယ်ဆေး ထိုးပေးနိုင်သည်။

## 3. သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့သူဖြင့် ပြောဆိုဆွေးနွေးပါ

အကယ်၍ ကာကွယ်ဆေးထိုးမည်ဆိုလျှင် သင်၏ ကာကွယ်ဆေးပံ့ပိုးမည့်သူထံသို့ အောက်ပါအချက်များအား ပြောပြပါ -

- **ယခင်က PCV13 ကာကွယ်ဆေးထိုးပြီးနောက် ဓါတ်မတည့်သော တုံ့ပြန်မှုဖြစ်ခြင်း၊ ယခင်က PCV7 ဟုလည်းခေါ်ဆိုသည့် pneumococcal conjugate ကာကွယ်ဆေး သို့မဟုတ် diphtheria toxoid** (ဥပမာ DTaP), ပါသော ကာကွယ်ဆေးတစ်ခုခု သို့မဟုတ်**အသက်အန္တရာယ်ရှိသော ဓါတ်မတည့်မှုများရှိခြင်းတို့**ဖြစ်ခဲ့ခြင်း။

အချို့သော ဖြစ်ရပ်များတွင် သင်၏ ကျန်းမာရေး စောင့်ရှောက်သူသည် PCV13 ကာကွယ်ဆေး ထိုးမှုကို နောက်တကြိမ်ဆေးခန်းသို့လာပြသည်အထိ ရွှေ့ဆိုင်းရန် ဆုံးဖြတ်နိုင်သည်။

U.S. Department of Health and Human Services
Centers for Disease Control and Prevention

အအေးမိခြင်း ကဲ့သို့ အသေးစား နာမကျန်းမှုရှိသူများသည် ကာကွယ်ဆေး ထိုးနှံခြင်းပြုလုပ်နိုင်ပါသည်။ အသင့်အတင့် သို့မဟုတ် အပြင်းအထန် နေမကောင်းသူများသည် PCV13 ကာကွယ်ဆေး မရယူမီ ၎င်းတို့ နေပြန်ကောင်းလာသည်အထိ စောင့်သင့်သည်။

သင့်ကျန်းမာရေး စောင့်ရှောက်သူမှ အသေးစိတ် အချက်အလက်များ သင့်အား ပေးအပ်နိုင်ပါသည်။

## 4. ကာကွယ်ဆေးတုံ့ပြန်မှုအန္တရာယ်များ

- ကာကွယ်ဆေးထိုးပေးသည့်နေရာတွင် နာကျင်ခြင်း၊ နီမြန်းခြင်း၊ ရောင်ရမ်းခြင်း သို့မဟုတ် မအီမသာဖြစ်တတ်ပြီး PCV13 ကာကွယ်ဆေးထိုးပြီးနောက် ကိုယ်အပူချိန်တက်ခြင်း၊ အစာစား လိုစိတ်မရှိခြင်း၊ စိတ်လက်မအီမသာဖြစ်ခြင်း (စိတ်တိုခြင်း)၊ ပင်ပန်းခြင်း၊ ခေါင်းကိုက်ခြင်းနှင့် ချမ်းတုံခြင်းတို့ ဖြစ်တတ်သည်။

သင့်ကလေးကို PCV13 နှင့်တစ်ချိန်တည်းမှာပင် inactivated တုပ်ကွေးကာကွယ်ဆေးကို ပြိုင်တူထိုးပေးလျှင် ဆေးထိုးပြီးနောက် ကိုယ်အပူချိန်မြင့်တက်ခြင်းကြောင့် တက်တတ်ခြင်းဖြစ်သည့် အန္တရာယ်မြင့်မားပါသည်။ ပိုမိုသိရှိရန်အတွက် သင့်ကျန်းမာရေးစောင့်ရှောက်သူထံ မေးမြန်းပါ။

ကာကွယ်ဆေးထိုးခြင်း အပါအဝင် ဆေးဝါးကုသမှုများအပြီးတွင် လူတို့သည် တစ်ခါတစ်ရံတွင် မူးဝေလဲကျတတ်ပါသည်။ သင်မူးဝေခြင်း၊ အမြင်အာရုံ ပြောင်းလဲခြင်း သို့မဟုတ် နားခြင်းဖြစ်ပါက သင့်ဆရာဝန်အား ပြောပြပါ။

အခြားသောဆေးဝါးများကဲ့သို့ပင် ကာကွယ်ဆေးကြောင့် ပြင်းထန်သောဓါတ်မတည့်ခြင်း၊ ပြင်းထန်သော ဒဏ်ရာ သို့မဟုတ် သေဆုံးခြင်းတို့ ဖြစ်နိုင်ခြေမှာ အလွန့်အလွန်နည်းပါးသည်။

## 5. ပြင်းထန်သော တုံ့ပြန်မှု ပြဿနာများ ဖြစ်ပေါ် လာခဲ့လျှင် မည်သို့ ဆောင်ရွက်ရမည်နည်း။

ကာကွယ်ဆေးထိုးထားသူသည် ဆေးခန်းမှ ထွက်ခွာပြီးနောက် ဓာတ်မတည့်တုန့်ပြန်မှုရရှိနိုင်သည်။ သင်သည် ပြင်းထန်သော ဓာတ်မတည့် တုန့်ပြန်မှု လက္ခဏာများ (အနီပြင်ထခြင်း၊ မျက်နှာနှင့် လည်ပင်းများ ဖောင်းလာခြင်း၊ အသက်ရှူမြန်ခြင်း၊ နှလုံးခုန်မြန်ခြင်း၊ ခေါင်းမူးခြင်း သို့မဟုတ် အားမရှိခြင်း) တို့ကို တွေ့ ရှိရပါက **9-1-1** သို့ ခေါ် ဆိုပြီး၊ ၎င်းပုဂ္ဂိုလ်အား အနီးဆုံး ဆေးရုံသို့ ပို့ပါ။

အခြားသော လက္ခဏာများအတွက် စိတ်ပူပါက သင်၏ ကျန်းမာရေး စောင့်ရှောက်သူထံ ဖုန်းခေါ် ပါ။

ဓာတ်မတည့်သည့် တုံ့ပြန်မှုများအား Vaccine Adverse Event Reporting System, VAERS (ကာကွယ်ဆေး ဘေးထွက်ဆိုးကျိုး အဖြစ်အပျက် တိုင်ကြားရန် စနစ်) သို့ တင်ပြသင့်သည်။ သင်၏ ကျန်းမာရေးစောင့်ရှောက်မှု ထောက်ပံ့သူသည် ပုံမှန်အားဖြင့် ဤအစီရင်ခံစာကို တင်ပြမည်ဖြစ်သည် သို့မဟုတ်ပါက သင်ကိုယ်တိုင် လုပ်ဆောင်နိုင်ပေသည်။ VAERS ၏ ဝက်ဘ်ဆိုဒ်ဖြစ်သည့် www.vaers.hhs.gov သို့ သွားရောက်ကြည့်ရှုပါ သို့မဟုတ် **1-800-822-7967** သို့ ခေါ် ဆိုပါ။ *VAERS သည် ဓါတ်မတည့်တုံ့ပြန်မှုများကို အစီရင်ခံရန်အတွက်သာ ဖြစ်ပြီး၊ VAERS ဝန်ထမ်းအဖွဲ့ ဝင်များသည် ဆေးဖက်ဆိုင်ရာ အကြံပေးခြင်းများ မပြုလုပ်ပါ။*

## 6. ကာကွယ်ဆေးကြောင့် ဒဏ်ရာရရှိမှု လျော်ကြေးပေးရေး အမျိုးသား အစီအစဉ်

အမျိုးသား ကာကွယ်ဆေး ထိခိုက်ဒဏ်ရာ လျော်ကြေးပေးရေး အစီအစဉ် (National Vaccine Injury Compensation Program, VICP) သည် ကာကွယ်ဆေးတစ်ခုခုကြောင့် ဒဏ်ရာရရှိသူအား လျော်ကြေးပေးရန် တည်ထောင်ထားသော ပြည်ထောင်စု အစီအစဉ်တစ်ခု ဖြစ်ပါသည်။ ကာကွယ်ဆေးကြောင့်ဖြစ်သည်ဟု ပြောဆိုထားသည့် ထိခိုက်မှု သို့မဟုတ် အသက်သေဆုံးမှုနှင့်စပ်လျဉ်းသော တောင်းဆိုမှုများအတွက် လျှောက်ထားရန် အချိန်အကန့်အသတ်ရှိပြီး ယင်းမှာ ၂ နှစ်အထိ လျှော့ချထားပါသည်။ အစီအစဉ်အကြောင်း လေ့လာရန်နှင့် မကျေနပ်ချက်ကို တင်ပြရန်တို့အတွက် VICP ဝက်ဘ်ဆိုဒ် ဖြစ်သည့် www.hrsa.gov/vaccinecompensation သို့သွားပါ သို့မဟုတ် **1-800-338-2382** သို့ခေါ် ဆိုပါ။

## 7. ပိုမိုလေ့လာနိုင်ရန်

- သင့်ကျန်းမာရေး စောင့်ရှောက်သူထံ မေးမြန်းပါ။
- သင့်ဆရာဝန် သို့မဟုတ် ပြည်နယ် ကျန်းမာရေးဌာနသို့ ခေါ် ဆိုပါ။
- ကာကွယ်ဆေး ပက်ကေ့ချ်အတွက် Food and Drug Administration, FDA (သည် အစားအစာနှင့် ဆေးဝါး အာဏာပိုင်) ဝက်ဘ်ဆိုက်သို့ သွားရောက်ပြီးနောက်ထပ်အချက်အလက်ကို www.fda.gov/vaccines-blood-biologics/vaccines မှာဖြည့်သွင်းပါ။
- Centers for Disease Control and Prevention, CDC (ရောဂါကာကွယ်ရေးနှင့် ထိန်းချုပ်ရေး ဗဟိုဌာန) သို့ ဆက်သွယ်ပါ-
  - ဖုန်းခေါ် ဆိုရန် **1-800-232-4636 (1-800-CDC-INFO)** သို့မဟုတ်
  - CDC ၏ ဝဘ်ဆိုဒ်သို့ ဝင်ရောက်ကြည့်ရှုရန် www.cdc.gov/vaccines

Burmese translation provided by the Immunization Action Coalition